**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ် ( ၆၂ / ၂၀၁၆ )**

**၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် )**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ - ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ပသို့ တင်ပို့ခွင့် မပြုသောပစ္စည်းများမှ ဖြေလျှော့တင်ပို့ခွင့်ပြုမည့် ကုန်စည် ပြင်ဆင်သတ်မှတ်သည့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ပြည်ပသို့ တင်ပို့ခွင့် မပြုသောပစ္စည်းများမှ ဖြေလျှော့တင်ပို့ခွင့်ပြုမည့် ကုန်စည် ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြော်ငြာစာ**

၁။ ပို့ကုန်သွင်းကုန်ဥပဒေအရ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား ပြည်ပသို့ တင်ပို့ခွင့် မပြုသော ကုန်ပစ္စည်းများအနက် အောက်ဖော်ပြပါ ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ခွင့်မပြုသော ပစ္စည်းများအဖြစ်မှ ဖြေလျှော့ပြီး ပြည်ပသို့တင်ပို့ခွင့်ပြုလိုက်သည် -

**ဖြေလျှော့ တင်ပို့ခွင့်ပြုမည့် ကုန်စည်**

(က) ပန်းနှမ်းဆီ၊

(ခ) မုန်ညင်းစေ့၊ မုန်ညင်းဆီ၊

(ဂ) နေကြာစေ့၊ နေကြာဆီ၊

(ဃ) ဆီကြိတ်ဖတ်အားလုံး၊

(င) ပုစွန်ဖွဲ၊

၂။ ပြည်ပသို့ တင်ပို့ခွင့်မပြုသော ကျန်ပစ္စည်းများကို ပြည်တွင်းဈေးကွက် လိုအပ်ချက် အခြေအနေများအပေါ် မူတည်ပြီး အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲသင့်သည်များကို ပြင်ဆင် ဆောင်ရွက်ခွင့်ပြုမည် ဖြစ်ပါသည်။

( ပုံ ) ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ် ၊ စက- ၁၁/ ၂ - ၁၈ / ၂၀၁၆ ( ၁၂ )
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်